


အတွဲ (၂) အမှတ် (၄)　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

## ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"ဒေသတွင်းခရီးသွားလုပ်ငန်းတိုးတက်ခြင်းဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီးဒေသသို့ လာရောက်သူများလည်း များပြားလာမည်ဖြစ်ကြောင်း"

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လက်ရှိခရီးသွားလုပ်ငန်း အခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ရလဒ်ကောင်းများဖော်ထုတ်




မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max၊ Kumudra Ballroom ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

# မာတိကာ


- ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ရလဒ်ကောင်းများဖော်ထုတ် — ၁-၃
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား — ၃-၅
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဆိုက်ဘေးရီးယန်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ — ၅
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အာဆီယံ- တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှေကျုံးကျွင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ — ၅-၆
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန် ဝန်ထမ်းများအား ဆုချီးမြှင့် — ၆
- မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၆-၇
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ — ၇
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Vice President နှင့်အဖွဲ့အား တွေ့ဆုံ — ၇-၈
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံ — ၈
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားခရီးသွားဧည့်သည်များအတွက် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များ ရှာဖွေခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက် — ၈-၉
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ- မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အသင်း နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး — ၉-၁၀
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် မြိတ်ခရိုင်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ဒေသခံများအားတွေ့ဆုံ — ၁၀-၁၁
- မြန်မာ- ရုရှား ခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ — ၁၁
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ — ၁၂
- ဆွဲဆောင်မှုရှိသည့် အခြေအနေများကို အသုံးချပြီး ပြည်တွင်းခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် — ၁၂-၁၃
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ — ၁၃-၁၄
- အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာ ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် တက်ရောက် — ၁၄
- မလေးရှားနိုင်ငံ၊ ပူထရာဂျာရာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် — ၁၄
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှုနှင့် ပြည်ပဧည့်သည်လာရောက်မှုများ — ၁၄-၁၅
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ — ၁၅-၁၆
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ — ၁၆
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ — ၁၆-၁၇
- တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း
- ကယားပြည်နယ် — ၁၇
- ကရင်ပြည်နယ် — ၁၇
- မွန်ပြည်နယ် — ၁၇-၁၈
- ရှမ်းပြည်နယ် — ၁၈
- ရန်ကုန်တိုင်းဒေသကြီး — ၁၈
- မန္တလေးတိုင်းဒေသကြီး — ၁၉
- မကွေးတိုင်းဒေသကြီး — ၁၉
- ပဲခူးတိုင်းဒေသကြီး — ၁၉
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ — ၂၀


**********

**စာမျက်နှာ ၁ မှ အဆက်**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ယနေ့ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်မှာ ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော (၁/၂၀၂၃) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးက ပေါ်ထွက်လာသည့် ဆွေးနွေးဆုံးဖြတ်ချက်များကိုအခြေခံပြီး ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့်လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်း ဖော်ထုတ်နိုင်ရန်ကျင်းပခြင်းဖြစ်ပါကြောင်း။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရန်အတွက် လက်ရှိခရီးသွား လုပ်ငန်း အခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရလဒ်ကောင်းများ ဖော်ထုတ်ပေးကြရန် ဖြစ်ပါကြောင်း၊ ရရှိလာသည့် အဖြေများအပေါ် အစိုးရဌာန အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကကဏ္ဍများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်အားထက်သန်စွာ ပူးပေါင်းပြီး ဆောင်ရွက်မှသာ အောင်မြင်တိုးတက်သည့် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကျိုးပြုစေမည်ဖြစ်ပါကြောင်း။ ယနေ့ အလုပ်ရုံ ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အဓိကအရေးပါသည့် (Key Tourism Issues) ကဏ္ဍ (၅) ရပ်ကို ရွေးချယ်ပြီး သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိက ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးတင်ပြကြမည်ဖြစ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း။ ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများအထိ ထိထိရောက်ရောက် ဖော်ထုတ်ပေးကြရန်နှင့် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့သက်ဆိုင်သည့်အခန်း ကဏ္ဍများကနေ အားတက်သရော ဝိုင်းဝန်း ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွန်း က လက်ခံရယူသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် အဖွဲ့ငါးဖွဲ့ခွဲ၍ ဆွေးနွေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဧည့်သည် များလုံခြုံစွာ ဝင်/ ထွက် သွားလာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာစေရေး၊ ငွေကြေးသုံးစွဲမှု လွယ်ကူအဆင်ပြေစေရေးနှင့် ခရီးသွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်မြှင့်တင်ရေး စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက် အမှာစကားပြောကြား**



အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို ဇွန်လ ၂၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနည်းဥပဒေ အခန်း ၅ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်အရ ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်ကျင်းပရန် လိုအပ်ပါကြောင်း၊ ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်လာနိုင်ပြီဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင်လာမည့် ပွင့်လင်းရာသီခရီးသွားကာလမရောက်မီတွင် ကြိုတင်ပြင်ဆင်သင့်သည်များကိုပြင်ဆင်နိုင်ရန်ညှိနှိုင်းအစည်းအဝေးကိုကျင်းပခြင်းဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် အဓိကအားဖြင့် လူများတိုက်ရိုက်ပါဝင်နေရသည့် သဘောသဘာဝရှိသည့်အတွက် ကပ်ရောဂါဖြစ်ပွားခြင်း၊ ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းစသည့် ပြင်ပရိုက်ခတ်မှုများကြောင့် အဟန့်အတားများ ဖြစ်စေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယင်းအချက်များ ရှိနေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း ကျဆင်းလာသည့် သဘောရှိပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ် ရောဂါကြောင့်နိုင်ငံတကာလေကြောင်းလိုင်းများ ရပ်နားသွားပြီးခရီးသွားကန့်သတ်ချက်များရှိခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် လုံးဝနီးပါးရပ်တန့်သွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမတိုင်မီ ၂၀၁၉ ခုနှစ် တွင် ခရီးသည် ၄ ဒသမ ၃၆ သန်း လာရောက်ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် ကိုးသိန်း၊ ၂၀၂၁ ခုနှစ်တွင် တစ်သိန်းကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဧပြီလကစ၍ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီနိုင်ငံခြားသားများဝင်ရောက်ခွင့်ပြုခဲ့ခြင်းကြောင့် တစ်စတစ်စ ပြန်လည် တိုးတက်လာပြီး ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၃ သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ စာရင်းဇယားများအရ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ခရီးသည် ၁၁ ဒသမ ၁ သန်း၊ လာအိုနိုင်ငံသို့တစ်သန်း၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၂ ဒသမ ၂ သန်း၊ ဗီယက်နမ်နိုင်ငံသို့ ၃ ဒသမ ၄ သန်း အသီးသီး လာရောက် လည်ပတ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ ဆောင်ရွက်ရမည်ကို မီးမောင်းထိုးပြနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ခရီးသည်များဝင်ထွက်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ (ဥပမာအားဖြင့် e-Visa နှင့် ပတ်သက်၍ ဖြေလျှော့ပေးရ မည့်လုပ်ငန်းများ) ဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားများကို မက်လုံးပေးသည့် အစီအစဉ်များဖြစ်သည့် အထူးဈေးနှုန်းပေး အစီအစဉ်များ၊ Tax Refund ပေးခြင်းအစီအစဉ်များ စသည်တို့ကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို အချိန်ကုန်သက်သာပြီး ထိရောက်မည့် Online Platform၊ Online Marketing ဖြင့် ကြော်ငြာခြင်းများကို ယနေ့အချိန်အခါတွင် ဆောင်ရွက်၍ရပါကြောင်း။

နောက်တစ်ချက်အနေဖြင့်ငွေလဲလှယ်နှုန်းဖြစ်ပါကြောင်း၊ မိမိတို့ဗဟိုဘဏ်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ယင်းမူဝါဒအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပဘဏ်မှ လွှဲသည့် ငွေများနှင့်ပတ်သတ်၍လည်း ယင်းမူဝါဒအတိုင်းသာဆောင်ရွက်ရပါကြောင်း။

ထို့အတူ နိုင်ငံခြားတွင်အသုံးပြုသည့် Master Card နှင့် Visa Card များကို နေရာတိုင်းတွင် သုံးစွဲခွင့်ရရန်လိုအပ်သည်ကို သုံးသပ်ရပါကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းများကို နိုင်ငံတကာမီဒီယာများက သိရှိစေရန်အတွက် များစွာ လိုအပ်နေသေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာ သိရှိစေရန်အတွက် ခရီးသွားလုပ်ငန်းပြပွဲများ၊ ကုန်စည်ပြပွဲများ မိမိတို့နိုင်ငံတွင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် လုပ်ဆောင်နေသည့် ခရီးသွားလုပ်ငန်း ပြပွဲများသို့ အရောက်သွား၍ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး နိုင်ငံတကာက သိရှိစေရန် ဆောင်ရွက်ပေးရန် လိုအပ်သည့်အပြင် နိုင်ငံတကာ ဈေးကွက်ရှာဖွေပေးသည့် အေဂျင်စီများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ အဓိကလုပ်ငန်းတစ်ရပ်သည် ဘေးကင်းလုံခြုံမှုရှိရန် ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လုံခြုံရေးအရ မသွားသင့်သည့်နေရာ၊ သွားသင့်သည့်နေရာများကို ထုတ်ပြန်ပေးထားပါကြောင်း၊ နောက်ပိုင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ ဖြေလျှော့ပေးရမည့် နေရာများကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟိုကော်မတီ(၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ၊ ခရီးသွား လုပ်ငန်းကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီခြောက်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှုအခြေအနေများနှင့် ကြိုတင်ခွင့်ပြုချက်နှင့် လိုင်စင်လျှောက်ထားမှုများ၌ တင်ပြရသည့် အထောက် အထားများ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ဖတ်ကြား တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နှင့်စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။


ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် သည် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်း (Siberian Association for International Cooperation) ဥက္ကဋ္ဌ မစ္စတာ ပါးဗျော အော်စတာဖျော့ဟော်ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၂၇ ရက်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ကမ်းခြေ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံရှိ ခရီးသွားကုမ္ပဏီများနှင့် မြန်မာနိုင်ငံရှိ ခရီးသွားကုမ္ပဏီများအကြား အွန်လိုင်း အစည်းအဝေးများ ကျင်းပပြုလုပ်၍ ခရီးသွားများ အပြန်အလှန်သွားလာ လည်ပတ်မှု မြှင့်တင်နိုင်ရေး၊ နိုဗိုစီဗစ်မြို့နှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက် လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း သာမက အခြားစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုများတွင် အကူအညီပေးရေး၊ Welcome Russia Program in Myanmar အစီအစဉ် ဆောင်ရွက်နေမှုနှင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်များ (Familiarization –FAM Trip) စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှားခရီးသွားဧည့်သည်များ လာရောက်ရာတွင် ငွေကြေးသုံးစွဲမှု အဆင်ပြေစေရေးတို့နှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားမြှင့်တင်ရေးအတွက် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အာဆီယံ- တရုတ် ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှေကျုံးကျွင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ- တရုတ် ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှေကျုံးကျွင်း ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့ကို ဇူလိုင်လ ၂၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရေး၊ မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ခရီးသွားဧည့်သည်များ အပြန်အလှန်သွားလာ လည်ပတ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက် သွားရေး၊ မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် အာဆီယံ-တရုတ် ဗဟို

ဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာခရီးသွားပြပွဲများ၊ ပွဲတော်များနှင့် ကုန်စည်ပြပွဲများသို့ ဖိတ်ကြားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန် ဝန်ထမ်းများအား ဆုချီးမြှင့်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် သင်တန်းထူးချွန် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန် ဝန်ထမ်းများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ပညာသင်နှစ်အလိုက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်နှစ်အလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအတွက် ဘာသာရပ်အလိုက် ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း နောင်တစ်ချိန်တွင် နိုင်ငံတော်ကို အကျိုးပြုသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် အညီ လိုက်ပါသင်ယူနိုင်ရန် အစဉ်တစိုက်ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့စရိတ်များကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများကို ဂုဏ်ပြုလက်ဆောင်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ - ၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကိုလည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်က ၂၀၂၂ - ၂၀၂၃ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် သင်တန်းများတွင် ထူးချွန်ဆု ရရှိသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့် ဌာနဆိုင်ရာများကို ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် သင့်တင့်လျောက်ပတ်ကောင်းမွန်သည့် ရာသီဥတုအခြေအနေများ၊ နှစ်သက်ဖွယ်ရာ ဒေသထွက်အစားအစာများနှင့် ရာသီအလိုက်ကျင်းပသော ပွဲတော်များကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်ပါဝင်စားစွာ သွားလာလည်ပတ်လျက်ရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသ၏ အားသာချက်များကိုအသုံးချ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံများ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလာမှုမှာ သိသိသာသာပြန်လည်မြင့်တက်လာကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များပါ လာရောက်လည်ပတ်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းစဉ်အတိုင်း တစ်ဆင့်ချင်း ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း

လုပ်ကိုင်နေကြသူများက အားလုံးအဆင်သင့်ဖြစ်အောင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ ဇူလိုင်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းဖွဲ့များမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကို မင်္ဂလာမန္တလေးဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် ကဏ္ဍအားလုံးနှင့် ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါက ဆက်စပ်လုပ်ငန်းများအားလုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းကို ဆက်လက်ရှင်သန်အောင် ဦးစွာဆောင်ရွက်ပြီးမှ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် မန္တလေးမြို့ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံနေရ သည့် အခက်အခဲများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲသို့သွားရောက်ကာ ရုံးခွဲတွင်တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဒက္ခိဏသီရိခရိုင် နေပြည်တော် ဟိုတယ်ဇုန်အတွင်းရှိ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံး နေရာ၌ ကျင်းပသည်။

ဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် က သတ်မှတ်နေရာတွင် ရေတမာပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အာသောက၊ ထိုင်ဝမ်ဗာဒံ၊ ခရေ၊ ကံ့ကော်၊ ကျွန်း၊ စိန်ပန်းပင်များကို စိုက်ပျိုးပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။



ယခုစိုက်ပျိုးပွဲတွင် ရေတမာ၊ အာသောက၊ ထိုင်ဝမ်ဗာဒံ၊ ခရေ၊ ကံ့ကော်၊ ကျွန်း၊ စိန်ပန်းပင်စသော အရိပ်ရလေကာပင်၊ ပန်းအလှပင် စသည့် စုစုပေါင်း ပျိုးပင် ၅၀၀ စိုက်ပျိုးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Vice President နှင့်အဖွဲ့အားတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရုရှား- မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Vice President ဖြစ်သူ Mr. Solonetsky Vitaly နှင့် Secretariat ဖြစ်သူ Mr. Seferov Rusher ၊ Aquarius သတင်းအချက်အလက်နည်းပညာကုမ္ပဏီ၊ ရုရှားနိုင်ငံအခြေစိုက် CMR Bank နှင့် Food Line Trading ကုမ္ပဏီတို့မှ တာဝန်ရှိသူများ

အား ဇွန်လ ၃၀ ရက်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရုရှား- မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရုရှားနိုင်ငံမှ ခရီးသွားအေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများပါဝင်သော ရင်းနှီးကျွမ်းဝင်သည့် ခရီးစဉ် (Familiarization Trip-FAM) ဆောင်ရွက်နေမှုအခြေအနေ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ငွေကြေးလဲလှယ်မှု၊ ငွေပေးချေမှုနှင့် ဘဏ်လုပ်ငန်းများစသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ဇွန်လ ၂၇ ရက်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အလားအလာကောင်းများနှင့် အခွင့်အလမ်းကောင်းများ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် ဖိုရမ်များ၊ အွန်လိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားရေး၊ ရုရှား-မြန်မာ Charter Flight များ ပြေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားခရီးသွားဧည့်သည်များအတွက် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များ ရှာဖွေခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်




ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်လည်ပတ်မှု တိုးမြှင့်လာရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအလားအလာများကို ရုရှားခရီးသွားအော်ပရေတာများနှင့် ခရီးသွားများသို့ မိတ်ဆက်ပြသနိုင်ရေး၊ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အတွေ့အကြုံများမျှဝေရေးနှင့် ရုရှားခရီးသွားများကို ဆွဲဆောင်နိုင်ရေးတို့အတွက် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဦးဆောင်၍ ရုရှားခရီးသွားဧည့်သည်များအတွက် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များ ရှာဖွေခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အွန်လိုင်းမှ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် နှစ်နိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ RC- investments တို့မှ တာဝန်ရှိသူများ၊ မြန်မာ- ရုရှားချစ်ကြည်ရေးအသင်းကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) နှင့် အူရယ်လ်လေကြောင်းလိုင်းမှ (URAL Airline) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးမစ္စတာမက်ဇင်ရီရှတ်လ်နီကော့ဗ်က ဗီဒီယိုမက်ဆေ့ချ်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ဖိတ်ခေါ်ရန် “Welcome Russia” program

in Myanmar အစီအစဉ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားအေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်သည့်ခရီးစဉ် (Familiarization Trip- FAM) ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုအနေဖြင့် ၂၀၂၂ ခုနှစ် တွင် ၀ ဒသမ ၂၃၃ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ ရုရှားခရီးသွားဧည့်သည်များလည်း ပါဝင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မေလအထိ ဝင်ရောက်မှုအနေဖြင့် ၄ သိန်းကျော်ရှိနေပြီး တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ဗီယက်နမ်၊ အမေရိကန်၊ မလေးရှား၊ စင်္ကာပူနှင့် ထိုင်ဝမ်တို့မှ အများဆုံး ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးမဟာဗျူဟာကို ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဟူ၍ အပိုင်း (၂) ပိုင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပုဂ္ဂလိကကဏ္ဍ ဟူသော အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဘာသာဖြင့်ဖော်ပြထားသော မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ အကြောင်းပါဝင်သော ဗီဒီယိုဖိုင်ကိုပြသပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌတို့က ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ခရီးစဉ်ဒေသများအကြောင်း၊ tour package အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ- ရုရှားချစ်ကြည်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူးက "Welcome Russia" program in Myanmar အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံမှ တက်ရောက်လာကြသူများက လေကြောင်းလိုင်းပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ- မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်သော်သည် မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း၏ ဥက္ကဋ္ဌဦးဆောင်သော အဖွဲ့အား ဇွန်လ ၂၃ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဝင်ဒမ်ဂရန်း ရန်ကုန်ဟိုတယ်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အကြိုအဖြစ် ရန်ကုန်မြို့၌ "Let's Go VACS YANGON Travel Fair 2023" အမည်ဖြင့် ခရီးသွားပြပွဲကြီး ကျင်းပမည့် အစီအစဉ်များ၊ ပြခန်းပေါင်း ၁၂၀ ကျော် ပါဝင်ပြသသွားနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဆက်စပ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှ ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံ၍ ရုရှားနိုင်ငံမှ ခရီးသွားစာရေးဆရာများ၊ သတင်းမီဒီယာများ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များ (Familiarization-FAM Trip) စီစဉ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ India Center ၌ အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (India Myanmar Chamber of Commerce -IMCC) နာယက၊ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအပေါင်း အိန္ဒိယ၊ ဘင်းမ်စတက်(စ်)နှင့် မဲခေါင်- ဂင်္ဂါ ခရီးသွားလုပ်ငန်းမူဘောင်အတွင်းက အကောင်

အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ အိန္ဒိယ ခရီးသွား ဧည့်သည်တစ်သိန်းကျော်ဝင်ရောက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် လျော့နည်းကျဆင်းခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ ဖြေလျှော့ပေးပြီးနောက် ယခုနှစ် မေလအထိ ဝင်ရောက်မှု အနေဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၄၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ယနေ့တွေ့ဆုံပွဲမှ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်သော ပလက်ဖောင်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ IMCC အနေနှင့် ခိုင်မာအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် နှစ်နိုင်ငံစီးပွားရေးတိုးမြှင့်မှုတွင် အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်များက ဗီဇာကိစ္စရပ်များ၊ အာမခံနှင့် စပ်လျဉ်းသော ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ၊ မျှော်မှန်းဈေးကွက်အခြေအနေများနှင့် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar၊ IMCC ၏ President Mr. Naresh Kumar နှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် မြိတ်ခရိုင်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ဒေသခံများအားတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂ ရက်နေ့က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ Hotel Grand Jade အစည်းအဝေးခန်းမ၌ မြိတ်ခရိုင်ခရီးစဉ်ဒေသအတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်နွယ်လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များနှင့်ဒေသခံများကိုတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းများကို လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်း ခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းရှင်များ၏ လုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် အဆင်ပြေမှုရှိစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအနေဖြင့် ခရိုင်အလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်နေကြောင်း၊ မြိတ်ခရိုင်အနေဖြင့် ဟိုတယ်လုပ်ငန်းနှင့်ခရီးသွားလုပ်ငန်း အခြေခံကောင်းများရှိပြီး လုပ်ငန်းများ အောင်မြင်စေရေးအတွက် ကျွန်းများတွင် ခရီးသွားဆွဲဆောင်မှုနှင့် ဝန်ဆောင်မှုများ စနစ်တကျဆောင်ရွက်နိုင်ပါက ယခုထက်ပိုမိုအောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက မြိတ်ခရိုင်၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ပထက်ကျေးရွာရှိ အထက(ပထက်)ကျောင်းသို့ ရောက်ရှိကြပြီး စာသင်ခန်းများတွင် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ ပန်းချီအနုပညာခန်း၊ ကွန်ပျူတာအခန်း၊ Language Lab ခန်း၊ သိပ္ပံလက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုပြီး မူကြို၊ KG၊Grade-1 ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ မူလတန်းကလေးငယ်များအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေး

ကိရိယာများ၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူများအတွက် ထီးနှင့် ဘောပင်များကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ပထက်ကျွန်းပေါ်ရှိ ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသို့ရောက်ရှိ၍ ရေငန်ပုစွန်များ မွေးမြူထားရှိမှု၊ ရေငန်ပုစွန်များကို ပြုတ်ခြောက်အေးခဲစက်ရုံတွင် ကုန်ချောထုတ်လုပ်နေမှု၊ တန် ၁၀၀၀ ကျ အအေးခန်းစက်ရုံတွင် ရေထွက်ကုန်ပစ္စည်းများ ကုန်ချောထုတ်လုပ်နေမှုနှင့် ရေငန်ပုစွန်သားပေါက်မွေးမြူထားရှိမှုများကို ကြည့်ရှုခဲ့ကြပါသည်။

## မြန်မာ- ရုရှား ခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ




ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ပိုမိုဝင်ရောက်လာရေးအတွက် ရည်ရွယ်၍ မြန်မာ-ရုရှားခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ (Familiarization-FAM Trip) ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ Myanmar Airways International (MAI) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Ural Airlines ၏ မြန်မာကိုယ်စားလှယ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ- ရုရှား ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှားခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ (Familiarization-FAM Trip) စတင်အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနအနေဖြင့် မူဝါဒပိုင်းဆိုင်ရာနှင့် စည်းမျဉ်း/ စည်းကမ်းအပိုင်းကိုသာ ဆောင်ရွက်သည်မဟုတ်ဘဲ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ခရီးစဉ်လမ်းကြောင်းများ၊ တည်းခိုနေရာချထားရေးများ၊ Social influencer ကဲ့သို့ ဖိတ်ကြားသွားမည့်သူများနှင့် ပြီးပြည့်စုံသော ခရီးစဉ် အစီအစဉ်များ (Package Tour) ကို စနစ်တကျရေးဆွဲပြီး ဝန်ကြီးဌာနသို့ အမြန်ပေးပို့ရန် လိုအပ်ကြောင်း၊ ယင်းခရီးစဉ် အစီအစဉ်များ ရရှိပါက တစ်ဖက်နိုင်ငံရှိ အစိုးရ၊ အသင်းအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံသို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ရုရှား-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ လာရောက်ရေးအတွက် ယခုချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်ဖန်ထရစ် (FAM Trip) ဖြင့် စတင်အကောင်အထည်ဖော်လိုကြောင်း၊ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် မဟုတ်မမှန် သတင်းအမှားများကို social media များတွင် ဖြန့်ဝေနေမှုများ ရှိနေပါကြောင်း၊ ယခုအစီအစဉ်တွင် ပါဝင်လာကြမည့် ရုရှား influencer များနှင့် မီဒီယာများက အမှန်တကယ် ပကတိအခြေအနေကို မြင်တွေ့ပြီး အပြုသဘောဆောင် အကောင်းမြင်မှုရှိသော သတင်းများ ပြန်လည်ဖြန့်ဝေကြရန် ရည်ရွယ်ပါကြောင်း၊ ယခုဖန်ထရစ် (FAM Trip) အစီအစဉ်သည် ရုရှားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် အထောက်အပံ့တစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက ဖန်ထရစ် (FAM Trip) စီစဉ်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ဖိတ်ခေါ်မည့်သူများ ရွေးချယ်ရေး၊ ခရီးစဉ်လမ်းကြောင်းများ စီစဉ်ထားရှိမှုနှင့် လေကြောင်းလိုင်း ပြေးဆွဲနိုင်မှုတို့ကို ကဏ္ဍအလိုက် တင်ပြကြပြီး တင်ပြချက်များအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရီးစဉ်ဒေသများတွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှ ရရှိလာသော ဝင်ငွေများသည် ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများအပြင် ဒေသခံများထံသို့ စီးဝင်မည်ဖြစ်သဖြင့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေကြောင်း၊ ထားဝယ်ခရိုင် ခရီးစဉ်ဒေသတွင် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် တန်ခိုးကြီးဘုရားများ၊ သာယာလှပသော ကမ်းခြေများနှင့် သဘာဝအလှအပများစွာ ရှိပါကြောင်း၊ ယင်းအခြေအနေကောင်းများကို အကျိုးရှိစွာအသုံးချပြီး ဒေသတွင်းခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့အောင်၊ ခရီးစဉ်ဒေသတစ်ခုကို ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများစွာ ရရှိလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၏ လုပ်ငန်းများ အဆင်ပြေမှုရှိစေရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများဆွဲဆောင်မှုရှိစေရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ အဆင်ပြေမှုရှိစေရေး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများ ဆောင်ရွက်နေမှုအခြေအနေ၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များနှင့် တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်သော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် နိုင်ငံအဆင့် “Health and Safety Protocols – HSP” တံဆိပ်ရရှိကြသော ထားဝယ်မြို့နယ်မှ ဟိုတယ်ငါးလုံးနှင့် မြိတ်မြို့နယ်မှ ဟိုတယ်နှစ်လုံးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က HSP တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသူများက တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ဆွဲဆောင်မှုရှိသည့် အခြေအနေများကို အသုံးချပြီး ပြည်တွင်းခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို နှင့်အတူ မေလ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့သို့ ရောက်ရှိပြီး “Victoria Cliff Hotel & Resort” တွင် ကော့သောင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးက ကော့သောင်းခရီးစဉ်ဒေသတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ပင်လယ်ပြင်အတွင်းမှ သာယာလှပသည့် ကျွန်းများ၊ ကမ်းခြေများ ရေပေါ်ရေအောက်ရှိ သယံဇာတများအပြင် အခြားသော သဘာဝအရင်းအမြစ်များ များစွာတည်ရှိနေပါကြောင်း၊ ယင်းကဲ့သို့ ဆွဲဆောင်မှုရှိသည့် အခြေအနေများကို အသုံးချပြီး ပြည်တွင်းခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းပါ ပိုမိုဖွံ့ဖြိုး

တိုးတက်လာအောင် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေသည့် နယ်စပ်ဒေသတစ်ခု ဖြစ်သည်နှင့်အညီ ထိုင်းနိုင်ငံဘက်ခြမ်းမှ ပတ္တရား၊ ဖူးခက်ဒေသများကို လာရောက်နေကြသည့်ရုရှားခရီးသွားဧည့်သည်များကို စိတ်ဝင်စားလည်ပတ်လာစေရန်ဆွဲဆောင်ပြီး ရုရှားခရီးသွားလုပ်ငန်းဈေးကွက်တစ်ခု ဖြစ်ပေါ်လာအောင်ဆောင်ရွက်ရန် စဉ်းစားသင့်ပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် လည်း ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်လုပ်ကိုင်နေကြသည့် ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် အဆင်ပြေမှုရှိစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကော့သောင်းခရီးစဉ်ဒေသအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ပြီးလေကြောင်း၊ ရေကြောင်းတို့မှတစ်ဆင့် လာရောက်လည်ပတ်ရန် လွယ်ကူအဆင်ပြေစေရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအပြင် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များမှ ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မေလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကော့သောင်းရုံးခွဲသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်တာဝန်ခံများသည် မေလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရှေးဦးစွာ နှုတ်ခွန်းဆက်စကားပြောကြားပြီး အော်သိုဒေါ့ဘုန်းတော်ကြီးက နိုင်ငံတစ်နိုင်ငံတွင် ဘာသာရေးအဆုံးအမသည် အရေးကြီးပြီး ဘာသာရေးအဆုံးအမ မရှိလျှင် ပျက်စီး၊ ကျဆုံးမှုများရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်အများစု မီတင်းနေထိုင်ပြီး ဘာသာရေးအဆုံးအမရှိနေခြင်းမှာ ကောင်းမွန်သော အခြေအနေဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ရုရှားလူမျိုးများနှင့် ရုရှားခရီးသွားများအတွက် အော်သိုဒေါ့ ဘုရားရှိခိုးကျောင်းတစ်ကျောင်း တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရုရှားလူမျိုးများအနေဖြင့် ၎င်းတို့သွားရောက် လည်ပတ်သော နိုင်ငံများရှိ ရုရှားအော်သိုဒေါ့ဘုရားကျောင်းများသို့ သွားရောက်လေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ဘုရားကျောင်းရှိခြင်းဖြင့် ရုရှားခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုက ရုရှားခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုရှိနေပါကြောင်းနှင့် ဝန်ကြီးဌာနအတွက် ဆုမွန်တောင်းစကားပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုရှားလူမျိုးများသည် ဖွဲ့ရှိ၊ ခိုင်မာမှုရှိပြီး သမိုင်းတွင် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့မှုများအား တွေ့ရှိရပါကြောင်း၊ ရုရှားအော်သိုဒေါ့ ဘာသာရေးအဖွဲ့အစည်းသည်လည်း ဖွဲ့ရှိခိုင်မာသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် လေးစားရပါကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း

ဘာသာရေးခွဲခြားမှုမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ဘုရားကျောင်း တည်ထောင်ခြင်းက မြန်မာ- ရုရှား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

**အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် တက်ရောက်**




အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးနှင့် အကောင်အထည်ဖော်နိုင်ရေးရည်ရွယ်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့ရှိ အေကေးရှားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ အရာထမ်း အမှုထမ်းများ၊ မန္တလာတက္ကသိုလ် (မန္တလေး)၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)တို့မှ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက Online ဖြင့် လည်းကောင်း၊ ညောင်ဦးခရိုင်ရှိ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂံမြို့ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ပုဂံမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများ စုစုပေါင်းကိုယ်စားလှယ် ၁၀၀ ဦးက In Person ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

**မလေးရှားနိုင်ငံ၊ ပူထရာဂျာရာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၅၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်**



(၅၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၄၃) ကြိမ်မြောက် အာဆီယံ+၃ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၃၀) ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မလေးရှားနိုင်ငံ၊ ပူထရာဂျာရာမြို့ တွင် ၁၀-၇-၂၀၂၃ ရက်နေ့မှ ၁၂-၇-၂၀၂၃ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ခရီးသွားလာရေး၊ အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လက်ခံကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်ဖြစ်သူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ**

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိရာ ၁-၁-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၆၃၂၈)ဦး၏ ခရီးစဉ်များအား

ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၇-၂၀၂၃)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၇-၂၀၂၃) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၆၉၉(လုံး) |
| | | ၈၄၆၂၂(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၁(လုံး) |
| | | ၁၃၄၇၈(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၃၈၀(လုံး) |
| | | ၉၈၁၀၀(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၃၀၃၈(ခု) |
| | (ခ ) ပြည်ပ | ၉၂၆(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၉၃၇(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၄၂(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၉၅(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၂ ဇန်နဝါရီလမှ ဇူလိုင်လထိ | ၂၀၂၃ ဇန်နဝါရီလမှ ဇူလိုင်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၂၉၉၁၃ | ၁၅၈၆၆၃ | ၁၂၈၇၅၀ | (+)၄၃၀% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၆၄၃ | ၃၆၁ | (-)၂၈၂ | (-)၄၄% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | - | ၁၀၉၅၅ | ၁၀၉၅၅ | (+)၁၀၀% |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၃၀၅၅၆** | **၁၆၉၉၇၉** | **၁၃၉၄၂၃** | **(+)၄၅၆%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၇၃၇၈၁ | ၄၃၉၇၁၁ | ၃၆၅၉၃၀ | (+)၄၉၆% |
| **စုစုပေါင်း** | | **၁၀၄၃၃၇** | **၆၀၉၆၉၀** | **၅၀၅၃၅၃** | **(+)၄၈၄%** |

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် “Enchanting Myanmar Health and Safety Protocol” အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၃၀-၆-၂၀၂၃ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၂၉)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ်(၄၉၃)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၄၉၃)လုံးအနက် (၄၄၇)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်း စစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း (၃၁-၇-၂၀၂၃)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၀ | ၁၀၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၅ | ၂၀၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၅၇၅ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၁ | ၉၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၀ | ၄၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂ | ၁၀၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၇ | ၅၇ |
| ၉ | ကချင်ပြည်နယ် | ၇၇ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၅၉ | ၅၈ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၈၈ | ၇၆ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၄၇ | ၃၆၃ |
| **စုစုပေါင်း** | | **၂၃၈၀** | **၁၇၇၆** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၇-၂၀၂၃) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များအနက် Plaque မရရှိသေးသည့် ဟိုတယ်/တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲဟိုတယ်/တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လိုင်စင်ရဟိုတယ်/တည်းခိုရိပ်သာများစာရင်း | လျှောက်ထားမှုရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | **၅၅** | ၅၂ | ၄၈ | ၄ | ၃ | ၁၀၀ | **၅၅** |
| ၂ | မန္တလေး | **၅၆** | ၄၃ | ၃၁ | ၁၂ | ၁၃ | ၅၈၂ | **၁၀** |
| ၃ | ရန်ကုန် | **၇၈** | ၇၁ | ၇၁ | ၀ | ၆ | ၄၈၅ | **၁၆** |
| ၄ | ပဲခူး | **၁၁** | ၉ | ၉ | ၀ | ၂ | ၁၀၁ | **၁၁** |
| ၅ | စစ်ကိုင်း | **၂၄** | ၂၂ | ၁၇ | ၅ | ၂ | ၆၁ | **၃၉** |
| ၆ | တနင်္သာရီ | **၂၅** | ၂၃ | ၂၀ | ၃ | ၂ | ၆၂ | **၄၀** |
| ၇ | ဧရာဝတီ | **၂၀** | ၁၉ | ၁၉ | ၀ | ၁ | ၁၂၄ | **၁၆** |
| ၈ | မကွေး | **၁၈** | ၁၈ | ၁၈ | ၀ | ၀ | ၅၇ | **၃၂** |
| ၉ | ကချင် | **၂** | ၂ | ၀ | ၂ | ၀ | ၆၉ | **၃** |
| ၁၀ | ကယား | **၀** | ၀ | ၀ | ၀ | ၀ | ၃၃ | **၀** |
| ၁၁ | ကရင် | **၄၄** | ၄၄ | ၄၂ | ၂ | ၀ | ၅၈ | **၇၆** |
| ၁၂ | ချင်း | **၀** | ၀ | ၀ | ၀ | ၀ | ၁၃ | **၀** |
| ၁၃ | ရခိုင် | **၁၄** | ၁၄ | ၁၁ | ၃ | ၀ | ၁၀၂ | **၁၄** |
| ၁၄ | ရှမ်း | **၁၅၄** | ၁၄၇ | ၁၃၃ | ၁၃ | ၇ | ၄၄၉ | **၃၄** |
| ၁၅ | မွန် | **၂၉** | ၂၉ | ၂၈ | ၁ | ၀ | ၈၄ | **၃၅** |
| စုစုပေါင်း | | **၅၂၉** | **၄၉၃** | **၄၄၇** | **၄၆** | **၃၆** | **၂၃၈၀** | ၂၂ |

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဘာသာစကားသင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရေရှည်ခရီးသွားဈေးကွက် ပိုမိုရရှိရေးနှင့် ရေရှည်ခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (တောင်ကြီး

ရုံး)နှင့် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး) တို့၏ ပူးပေါင်း စီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား (အခြေခံ) သင်တန်းကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ၁၅-၅-၂၀၂၃ ရက်နေ့မှ ၂၆-၅-၂၀၂၃ ရက်နေ့အထိ သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၆၃ ဦးဖြင့်လည်းကောင်း၊ ကလောမြို့တွင် ၂၉-၅-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃ ရက်နေ့အထိ သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၆၇ ဦး ဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးရုံး၊ မန္တလေးမြို့၊ နိုင်ငံခြားဘာသာတက္ကသိုလ် (မန္တလေး)နှင့် ပူးပေါင်းဖွင့်လှစ်သည့် ရုရှားဘာသာစကား(အခြေခံ) သင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းပွဲကို ၁၈-၆-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြင်ဦးလွင်စစ်တက္ကသိုလ်စာပေပညာဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် ရုရှား ဒီပလိုမာသင်တန်းဆင်းပွဲကို ၁၉-၆-၂၀၂၃ ရက်နေ့တွင်လည်းကောင်း ကျင်းပ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ၃ မျိုးကို ၁၅-၅-၂၀၂၃ ရက်နေ့မှ ၄-၆-၂၀၂၃ ရက်နေ့အထိ သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၈၀ ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး (HSP) သင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပုံရိပ်ကိုမြှင့်တင်ပေးရန် ရည်ရွယ်သည့် လုပ်ငန်း ခွင်ဘေးအန္တရာယ်ကင်းရှင်းရေး “Enchanting Myanmar Health and Safety Protocol” သင်တန်းများကို (Outsourcing) ပုံစံဖြင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ မြန်မာနိုင်ငံ ဟိုတယ် နှင့်ခရီးသွားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ၂၀၂၃ ခုနှစ်၊ မေလ မှ ဇူလိုင်လအထိ သင်တန်း ၂ ကြိမ်၊ သင်တန်းသား ၅၅ ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**The Establishment of Bakery & Pastry Training Project” စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်- လန်ချန်းပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် “ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု ကဏ္ဍရှိ အခွင့်အလမ်းနည်းပါးသူများအတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး မုန့်ဖုတ်နည်းသင်တန်းများဖွင့်လှစ်ခြင်းစီမံကိန်း” (The Strengthening Human Resource Capacity in Vulnerable Populations for the Hospitality and Tourism Sector “ The Establishment of Bakery & Pastry Training Project”) ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟို ဌာန(ရန်ကုန်)တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်ဆောင်ရွက် နေကြသူများ၏ လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည်များ ခိုင်မာအား ကောင်းလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ မသန်စွမ်းများနှင့် ဒေသခံများစသော အခွင့်အရေးကို လက်လှမ်းမမီသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ


**မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ ပါဝင်တက်ရောက်ခြင်း**



စိန့်ပီတာစဘတ် နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဌာနတို့၏ ဖိတ်ကြားချက်အရ ၁၃-၆-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မြန်မာ- စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ် သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များက Online မှ တစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**စတုတ္ထအကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင် ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN MRA-TP) ဆိုင်ရာ နိုင်ငံ တကာကွန်ဖရင့်နှင့် အာဆီယံ+၃ ခရီးသွားလုပ်ငန်းပညာရေးဆိုင်ရာ ချိတ်ဆက် ဆောင်ရွက်မှုဖိုရမ်ကို Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်**




စတုတ္ထအကြိမ်မြောက် အာဆီယံ MRA-TP ဆိုင်ရာ နိုင်ငံတကာကွန်ဖရင့် (4th International Conference on ASEAN MRA-TP)ကို ၈-၅-၂၀၂၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ Bandung Polytechnic of Tourism တွင် Hybrid စနစ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့်တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေး

ဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဇေယျာမျိုးအောင်က Speaker အဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးနှင့်ပညာပေးရေးဌာနခွဲနှင့် ဟိုတယ်လုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာကြီးကြပ်မှုဌာနခွဲတို့မှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ကယားပြည်နယ်



ထေးဌားလျားကန်သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား (က)ရပ်ကွက် ပြည်နယ်ဧည့်ရိပ်သာနှင့် လွိုင်ကော်တက္ကသိုလ်အနီးတွင် တည်ရှိပါသည်။ ထေးဌားလျားကန်ဘေးတွင် ဟိုတယ်များလည်းတည်ရှိပြီး မနက်ခင်းနှင့်ညနေခင်းအချိန်များတွင် ခရီးသွားဧည့်သည်များ၊ အားကစားလုပ်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းပိတ် /ရုံးပိတ်ရက်များတွင် နေဝင်ဆည်းဆာကြည့်သူများနှင့် အပန်းဖြေအနားယူသူများ၊ အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိနေပါသည်။

ထို့ပြင် ညနေခင်းအချိန်တွင် ထေးဌားလျားကန်သာကန်ဘောင်တွင် Street Food ရောင်းချသူများရှိသောကြောင့် လာရောက်လည်ပတ်သူများအတွက်လည်း ညနေခင်းဆည်းဆာကို ခံစားရင်း ဒေသထွက်အစားအစာများကို မြည်းစမ်းစားကြည့်နိုင်သည့် အထင်ကရခရီးစဉ်ဒေသတစ်ခုဖြစ်ပါသည်။

### ကရင်ပြည်နယ်




၂၇-၆-၂၀၂၃ ရက်နေ့တွင် ပြည်နယ်ဇွဲကပင်ခန်းမ၌ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ MSMEs ထုတ်ကုန်ပြပွဲနှင့် Talk Show စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် MSMEs နာယက၊ ပြည်နယ်ဝန်ကြီးချုပ်သီရိပျံချီဦးစောမြင့်ဦးမှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

Talk Show စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ်တွင်း MSMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများဖြစ်သော စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လူသုံးကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်လုပ်မှုကဏ္ဍ၊ သစ်တောထွက်ပစ္စည်း (ဝါး) ထုတ်ကုန်ကဏ္ဍနှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍတို့ကိုအခမ်းအနားတွင် MSMEs ထုတ်ကုန်ထူးချွန်ဆု(၇)ဆု ချီးမြှင့်ရာ Zwekapin Valley Resort & Spa Hotel မှ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုထူးချွန်ဆု (၁)ဆု လက်ခံရရှိခဲ့ပါသည်။

### မွန်ပြည်နယ်

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မော်လမြိုင်မြို့၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ်ရှိ ဟိုတယ်များမှ ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများအား ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (၃)မျိုးဖြစ်သော ဧည့်ကြိုသင်တန်း၊ အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းများအား ၁၅-၅-၂၀၂၃ မှ ၃-၆-၂၀၂၃ ထိ ဖွင့်လှစ်သင်ကြားခဲ့ရာ အဆိုပါ သင်တန်းသို့ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ အပါအဝင် သင်တန်းသား၊ သင်တန်းသူ ၈၀ ဦး တက်ရောက်ခဲ့ပါသည်။



မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ မွန်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏

ဦးဆောင်မှု၊ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များဖြင့် ၂၈-၆-၂၀၂၃ ရက် နေ့တွင် မော်လမြိုင်မြို့ရှိ “M Hotel” ၌ ဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်အနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အချက် (၃၄) ချက် ရရှိခဲ့ပါသည်။

ထို့ပြင် မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံအဆင့်(Enchanting Myanmar Health & Safety Protocol) အသိအမှတ်ပြုတံဆိပ်ရရှိရေး ဆောင်ရွက်လျက်ရှိရာ အသိအမှတ်ပြုတံဆိပ်ရ ဟိုတယ် ၂၈ လုံး၊ Online မှ အသိအမှတ်ပြုထားသည့် ဟိုတယ် ၁ လုံး စုစုပေါင်း ဟိုတယ် ၂၉ လုံး ရရှိပြီးဖြစ်ကာ မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး (၄/၂၀၂၃) ကို ၂၀၂၃-ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး၊ ဒေသတွင်းရှိ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ဟိုတယ်များတွင် ခရီးသွားဧည့်သည်များကို စည်းကမ်းတကျ ဝန်ဆောင်မှုပေးနိုင်ရေး၊ ခရီးစဉ်ဒေသရိုက်ကူးရေးနှင့် သာယာလှပသည့် ခရီးသွားဆွဲဆောင်မှုနေရာများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်မှုအခြေအနေများအား တင်ပြဆွေးနွေးခဲ့ပါသည်။

## ရှမ်းပြည်နယ်

**ရှမ်းပြည်နယ်အတွင်း ရှုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်လျက်ရှိ**



ရှမ်းပြည်နယ်သို့ ရုရှားခရီးသွားများဝင်ရောက်လာပါက ကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ရုရှားဘာသာစကားနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေကော်မတီတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ရုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား (အခြေခံ) သင်တန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ၁၅-၅-၂၀၂၃ ရက်နေ့မှ ၂၆-၅-၂၀၂၃ ရက်နေ့ထိ သင်တန်းသား ၆၃ ဦးဖြင့်လည်းကောင်း၊ ကလောမြို့တွင် ၂၉-၅-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃ ရက်နေ့ထိ သင်တန်းသား ၆၇ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ရုရှားဘာသာစကား (မွမ်းမံ) သင်တန်းကို ၂၄-၇-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့ထိ တောင်ကြီးမြို့တွင် သင်တန်းသား ၂၀ ဦးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ရုရှားဘာသာစကား (အခြေခံ) သင်တန်းကို ကျိုင်းတုံမြို့တွင် ၁၁-၈-၂၀၂၃ ရက်နေ့ မှ ၈-၉-၂၀၂၃ ရက်နေ့ထိ သင်တန်းသား ၃၃ ဦးဖြင့် ဖွင့်လှစ်လျက်ရှိပြီး အလားတူ သင်တန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး

**မြန်မာ့ခရီးသွားဘဏ်လီမိတက် (ရုံးချုပ်) နှင့် (ရုံးခွဲ) ဘဏ်ခွဲအား လုပ်ငန်းသစ်နေရာသို့ ပြောင်းရွှေ့ခြင်း အခမ်းအနားနှင့် Directorate of Hotels & Tourism (Yangon Branch) (MTB – ဆူးလေ) Information Counter ဖွင့်လှစ်ခြင်း**

မြန်မာ့ခရီးသွားဘဏ်လီမိတက် (ရုံးချုပ်) နှင့် (ရုံးခွဲ) ဘဏ်ခွဲအား လုပ်ငန်းသစ်နေရာသို့ ပြောင်းရွှေ့ခြင်းအခမ်းအနားနှင့် Directorate of Hotels & Tourism (Yangon Branch) (MTB – ဆူးလေ) Information Counter ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ် (ယခင် Shopping Mall) တွင် ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ MTB Bank ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ခဲ့ပါသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ခရီးသွားဧည့်သည်များ သတင်းအချက်အလက်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Information Counter (၄) ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ ယခုဖွင့်လှစ်သော Information Counter သည် ရန်ကုန်မြို့လယ်တွင် Myanmar Touriam Bank နှင့်တွဲဖက်ဖွင့်လှစ်ထားသဖြင့် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းမွန်စွာပေးနိုင်မည်ဖြစ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး



ရုရှားဘာသာစကား (အခြေခံ) အမှတ်စဉ် (၂) သင်တန်းအား မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၁၄-၁-၂၀၂၃ ရက်နေ့မှ ၁၀-၆-၂၀၂၃ ရက်နေ့ထိ သင်တန်းကာလ ၆ လကြာ ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းနှင့် ပါဝင်ပတ်သက်သူများ၊ အခြားဝန်ကြီးဌာနမှ သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၃၆ ဦး တက်ရောက်အောင်မြင်ခဲ့ပါသည်။

၁၈-၆-၂၀၂၃ ရက်နေ့၊ မန္တလေးမြို့ Sky Villa တွင် သင်တန်းဆင်းပွဲ ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးမှ သင်တန်းဆင်းမိန့်ခွန်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်မှ သင်တန်းဆင်းအမှာစကားနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ပါမောက္ခချုပ်တို့မှ သင်တန်းနှင့် ပတ်သက်ပြီးအသီးသီးရှင်းလင်းပြောကြားကြပါသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ခံများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိနှင့်ဝန်ထမ်းများ၊ သင်တန်းသား/သူများ စုစုပေါင်း (၁၂၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## မကွေးတိုင်းဒေသကြီး



မကွေးတိုင်းဒေသကြီး၏ ဒေသထွက်ကုန်များ၊ လက်ဆောင်ပစ္စည်းများ မြှင့်တင်ကြော်ငြာနိုင်ရန်နှင့် ဧည့်သည်များအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက်ရည်ရွယ်၍ ဟိုတယ်များတွင် ဒေသထွက်ကုန်ပစ္စည်းများအား အရောင်းစင်ငယ်များထားရှိပြီး ရောင်းချပေးလျှက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး

**ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပခြင်း**



ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ (၁၈) ရက်နေ့၊ မွန်းလွဲ(၉း၃၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဖွင့်လှစ်ခြင်း**




တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုးအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခြင်းနှင့်အတူ အဆိုပါသင်တန်းအား (၄-၇-၂၀၂၃) ရက်နေ့တွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း (၃) မျိုးအတွက် သင်တန်းသား/သူ (၁၄၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်သော်သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အတူ ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရုံးခွဲသို့ သွားရောက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ရုံးအဆောက်အဦးနှင့် ဝန်ထမ်းအိမ်ရာ ပျက်စီးမှုအခြေအနေကို ကြည့်ရှုပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပြတ် စနစ်တကျ ဆောင်ရွက်ကြရေး မှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ Hotel Memory ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်းဒဏ်ကြောင့် စစ်တွေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန် ပြန်လည်တိုးတက်လာစေရေး မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် လုပ်ငန်းမြှင့်တင်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ လာရောက်ကြရာတွင် အဆင်သင့်ဖြစ်နေစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များစိတ်ဝင်စားနိုင်မည့် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်ထားသော ဒေသဖြစ်သည့်အတွက် မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ဒေသခံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ရခိုင်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ လာရောက်ရာတွင်အဆင်သင့်ဖြစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နိုင်မှုအခြေအနေ၊ မြှင့်တင်ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဟိုတယ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား လွှင့်တင်ထားရှိသော Social Media Links များ

www.tourism.gov.mm, www.toursminmyanmar.com.mm

Facebook
https://www.facebook.com/tourisminmyanmar.com.mm/
https://www.facebook.com/visitmyanmar.mm

Youtube
https://www.youtube.com/channel/UCYYysRno81dDb7Tyhxz3OEQ

Instagram
https://www.instagram.com/tourisminmyanmar.com.mm/

Twitter
https://twitter.com/VisitMyanmar_MM

Pinterest
https://www.pinterest.com/tourisminmyanmar/